# ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူ

## ၏ အခန်းကဏ္ဍ

ပိုမိုသိလိုပါက ကျွန်ုပ်တို့ကို ဆက်သွယ်ပါ -

1300 360 044

www.pt.qld.gov.au

**ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူ** ဆိုသည်မှာ ကူညီပံ့ပိုးမှု ပိုမိုလိုအပ်သည့် ဝန်ဆောင်မှုယူသူများအတွက် ကွင်းစလန်ပြည်နယ် အများပြည်သူ၏ ယုံကြည်အပ်နှင်းခြင်းခံရသည့်အဖွဲ့ (QPT) က အပိုဆောင်း အကူအညီပေးသူများ ဖြစ်ကြပါသည်။

သူတို့သည် ဝန်ဆောင်မှုယူသူများ၊ ၎င်းတို့၏ မိသားစုများ၊ မိတ်ဆွေများ၊ ဝန်ဆောင်မှု ပေးသူများနှင့် အခြားသူများကို ဝန်ဆောင်မှုယူသူများ ကူညီပံ့ပိုးမှု ရနေကြောင်းနှင့် အသိပေးနေကြောင်း ခံစားရခြင်းကို သေချာစေပါသည်။

**ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူတွင် အဓိကတာဝန် လေးရပ် ရှိပါသည် -**

**ကိုယ်စားပြုခြင်း**
ဝန်ဆောင်မှုယူသူများအား QPT ၏လုပ်ငန်းစဉ်များကို နားလည်သဘောပေါက်စေပြီး သူတို့အပေါ်အကျိုးသက်ရောက်မှု ရှိစေသည့် ဆုံးဖြတ်ချက်များတွင် သူတို့လည်း ပါဝင်ကြောင်း သေချာစေခြင်း

**လွယ်ကူချောမောစေခြင်း**
ခက်ခဲရှုပ်ထွေးသော အခြေအနေများ သို့မဟုတ် လူပေါင်းများစွာ ပါဝင်ပတ်သက်ခြင်းတို့အတွက် ဆက်သွယ်မှု လွယ်ကူချောမွေ့စေရန် အစည်းအဝေးများ စီစဉ်ဆောင်ရွက်ပေးခြင်း။

**လျှင်မြန်လာအောင် အရှိန်မြှင့်တင်ပေးခြင်း** နေရာထိုင်ခင်း လိုအပ်ချက် သို့မဟုတ် ငွေကြေးလိုအပ်ချက်ကဲ့သို့ အဆောတလျင် အကူအညီ လိုအပ်နိုင်သည့် ဝန်ဆောင်မှုယူသူကို ကူညီသည့် ကိစ္စရပ်များကို ပိုမို လျှင်မြန်လာအောင် တွန်းအားပေးခြင်း။

**ပြန်လည်သုံးသပ်ခြင်း** QPT ၏ ဝန်ဆောင်မှုယူသူအားလုံးကို ပံ့ပိုးကူညီနိုင်သည့် ပြောင်းအလဲများ အကြံပြုနိုင်ရေးအတွက် ဝန်ဆောင်မှုယူသူများ၏ လိုအပ်သည့် ကိစ္စများသို့မဟုတ် ဖြစ်ပျက်နေသည့်ပုံစံများကို ရှာဖွေစစ်ဆေးခြင်း

## ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူက အကူအညီပေးနိုင်သည့် နည်းလမ်းများ -

ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူက သင့် QPT ၏ ယုံကြည်အပ်နှင်းခံရသည့် အရာရှိကို အစားထိုးခြင်း မပြုပါ၊ သို့သော် လိုအပ်ပါက အပိုဆောင်း အကူအညီ ပံ့ပိုးပေးပါသည်။

**၎င်းတို့သည် အောက်တွင် ဖော်ပြထားသည့် အခြေအနေမျိုးများတွင် အကူအညီ ဖြစ်စေနိုင်ပါသည် -**

- သင်က QPT ၏ လုပ်ငန်းစဉ်များကို နားလည်ရန် အခက်အခဲရှိသည့်အခါ
- အကယ်၍ သင်သည် ရှုပ်ထွေးသည့် ကိစ္စရပ်များကို ရင်ဆိုင်နေရပြီး အချိန်ပိုမို လိုအပ်သည့်အခါ
- QPT ၏ လုပ်နေကျ လုပ်ငန်းစဉ်များ၏ ပြင်ပတွင် ဖြစ်နေသည် ပုံမှန်မဟုတ်သော ကိစ္စများ တို့ဖြစ်ပါသည်။

ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူသည် သင် ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာရေးအတွက် ကိုယ်စားပြုပေးသည့် အဖွဲ့အစည်းများ၊ ဝန်ဆောင်မှုပေးသူများနှင့် သင့်ထောက်ကူပံ့ပိုးမှုဆိုင်ရာ ကွန်ယက်အတွင်းမှ အခြားသူများနှင့်လည်း ပူးပေါင်း ဆောင်ရွက်ပါသည်။

QPT | QUEENSLAND PUBLIC TRUSTEE

## သင့်အနေနှင့် ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူ လိုအပ်နိုင်သည်ဟု ယူဆပါသလား။

အကယ်၍ သင်သည် ဝန်ဆောင်မှုယူသူ သို့မဟုတ် သူတို့၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအတွက် QPT မှတာဝန်ပေးထားသူ ပါလာသည့် ဝန်ဆောင်မှုယူသူကို ကူညီပံ့ပိုးသူဖြစ်ပါက သင့်အနေနှင့် အကယ်၍ အကူအညီလိုအပ်ခဲ့လျှင် ဝန်ဆောင်မှုယူသူ၏ ကိုယ်စားပြုသူထံ အကူအညီ တောင်းနိုင်ပါသည်။

ပိုမိုသိလိုပါက ကျွန်ုပ် တို့ကို ဆက်သွယ်ပါ -

customer.advocate@pt.qld.gov.au



### တင်မ် (Tim) ကို ကူညီပံ့ပိုးခြင်း

တင်မ် (Tim) * သည် မိမိ၏ပိုင်ဆိုင်မှုကို ရောင်းချပြီး ကူညီပံ့ပိုးမှုနှင့်နေနိုင်သည့် အဆောက်အအုံသို့ ပြောင်းရွှေ့နေထိုင်သည့်အခါ စိန်ခေါ်သည့် အပြောင်းအလဲကို ကြုံတွေ့ရပါသည်။ သူ့အနေနှင့် ဤပြောင်းလဲမှု ကြုံတွေ့ရန် လိုအပ်သည်ကို သဘောပေါက် နားလည်သော်လည်း သူ့လုပ်နိုင်စွမ်းမှာ မတည်မငြိမ် ပြောင်းလဲနေသည်ဖြစ်ရာ တစ်ခါတစ်ခါတွင် သူ့အနေနှင့် QPT ၏ သူ့ငွေကြေးဆိုင်ရာ ကိစ္စများတွင် ပါဝင်ပတ်သက်မှုအပေါ် မရှင်းမလင်း ဖြစ်လာပါသည်။

Tim ၏ ယုံကြည်အပ်နှင်းခံရသည့် အရာရှိများက Tim အနေဖြင့် အပိုဆောင်း ပံ့ပိုးကူညီမှု လိုအပ်ကြောင်း သိရှိနားလည်ခဲ့သဖြင့် ဝန်ဆောင်မှုယူသူအား ကိုယ်စားပြုသူ ထံ အကူအညီ တောင်းခံခဲ့ပါသည်။ ယုံကြည်အပ်နှင်းခံရသည့် အရာရှိများနှင့် သူ၏ ကူညီပံ့ပိုးရေး ကွန်ယက်တို့ဖြင့် ဝန်ဆောင်မှုယူသူအား ကိုယ်စားပြုသူသည် ွဘ ကို လုပ်ငန်းစဉ်တစ်လျှောက် လမ်းညွှန်ပေးပြီး သိကောင်းစရာများ ဖလှယ်ရန်နှင့် Tim အနေနှင့် မေးခွန်းများ မေးနိုင်ရန် စီစဉ်ပေးပါသည်။ Tim အနေနှင့် ဆုံးဖြတ်ချက် တစ်ခုခြင်းကို နားလည်သဘောပေါက်ရန်နှင့် အဘယ်ကြောင့် ဤသို့ ဆုံးဖြတ်ကြောင်းကို သိကြောင်း သေချာစေရန် အရေးကြီးပါသည်။

ဤကဲ့သို့သော မိမိနှင့် အံဝင်ခွင်ကျဖြစ်သည့် ကူညီပံ့ပိုးမှုရသဖြင့် Tim သည် မိမိ၏ အသွင်ကူးပြောင်းချိန်ကာလကို မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်ဖြင့် ဖြတ်သန်းနိုင်ခဲ့ပါသည်။ သူ့အနေနှင့် ကူညီပံ့ပိုးမှုဖြင့်နေထိုင်ရသည့် နေရာကို အောင်မြင်စွာ ပြောင်းရွှေ့နေထိုင်ပြီး သူလိုချင်သော စောင့်ရှောက်မှုနှင့် အေးချမ်းတည်ငြိမ်မှုကိုလည်း ရခဲ့ပါတော့သည်။

*ကိုယ်ရေးအချက်များ လုံခြုံမှုအတွက် အမည်ကို ပြောင်းထားပါသည်။

Customer-Advocate-Factsheet-2PP-v3-September-2025

QPT | QUEENSLAND PUBLIC TRUSTEE